
ညေး
ဒဏ္ဍာရီလွင်ပြင်မှာ
ပုံပြင်စီးချင်းထိုးတဲ့လူ

# အခန်း(၁)

ညေး

ဒဏ္ဍာရီလွင်ပြင်မှာ ပုံပြင်စီးချင်းထိုးတဲ့လူ

အစပ်ချောင်းမုန့်ကနေ ၊ ချယ်ရီဝက်ဝွန်းကားအထိ

ကျင်းထုံခြင်ဆေးခွေကနေ ဘိုးတော် ဘုရားခေတ်အထိ

သမိုင်းကြောင်းတွေ ၊ ဒဏ္ဍာရီ အကွေ့အဝိုက်တွေ ကို

တစ္ဆေတစ်ကောင်လို သိနေတဲ့ ကောင်လေး တစ်ယောက် အကြောင်း

(က)

နေထွဋ်ဟာ ထက်မြတ်တဲ့ လူတော် လေး တစ်ယောက် ပါ။ ထက်မြတ်ဆို သူ့အဖေက သူ့ကို နေအတက်၊ ရေအတက်၊ ကုန်ဈေးနှုန်းတွေ တဟုန်ထိုးအတက်၊ ရုံးဝန်ထမ်းတွေ ဘတ်(စ်)ကားပေါ် တိုး. ... တက်ကြတဲ့ တက်ကြီးလေးပါး၊ အထွဋ်အထိပ်ရောက်ချိန်မှာ မွေးထားတာပဲလေ....။

ထပ်ပြောမယ် ။ သူ့နာမည် က နေထွဋ် ... တဲ့။

x x x

(ခ)

အရာရာကို စူးစမ်းလေ့လာတတ်တဲ့ ကလေးအရွယ်မှာ မောင်နေထွဋ်ကလေးရဲ့ မေးခွန်းတော် တော် များများ ဟာလည်း မိဘကို အကျပ်ရိုက်စေခဲ့ပြန်ပါသေးတယ်။

“မေမေ .. နိဗ္ဗာန်ဆိုတာ ဘယ်မှာ လဲ”

“သြော် ... ကောင်းကင်မှာ ပေါ့သားရယ်”

“ဒါဆို ... သားကိုလိုက်ပို့”

“အဲ ..... လိုက်ပို့လို့တော မရဘူးသားရဲ့ ၊ စိတ်နှလုံးသား မွန်မြတ်တဲ့သူတွေ မှ ရောက် တာ၊ ကျင့်ယူရင်တော့ရတယ်”

“ဘယ်လိုကျင့်ယူရမှာ လဲ....”

“အင်း ဘုရားကြိုက်အောင်နေရမယ်၊ ဒါကိုတော့ သားသိပါတယ်။ မနေ့ညက ပုရစ် ကလေးတွေ ကို ဖမ်းပြီး ဖန်ပုလင်းထဲသား ထည့်တယ်လေ။ အဲဒီ လိုမျိုး တွေ ခဏခဏလုပ်ရင် အင်း ... နိဗ္ဗာန်ကိုမရောက်ဘူး။ နောက်ဆို သတ္တဝါလေးတွေ ကို အဲဒီ လို မလုပ်ရဘူးနော် ... သား”

သူလည်းမျက်လုံးကလေး ပုတ်ကာ ပုတ်ကာနဲ့ နှပ်ကလေးရှုံ့ခေါင်းညိတ်ပြလိုက်ပြီး .....

“မေမေ ..... ဒါဆို သားကို ငရဲပြည်လိုက်ပို့”

“ဟဲ့ ..... ဩော် ...”

“ငရဲပြည်ရောက်ဖို့လည်း ကျင့်ယူရတာ ပဲလား မေမေ”

“သူကျတော့ သက်သက်ကြီး ကျင့်စရာမလိုဘူးသားရဲ့ ၊ လူဆိုး၊ လူမိုက်တွေ ရောက် ကြတာလေ။ သားနဲ့တော့ အဝေးကြီးပါ”

“ငရဲပြည်က ပူတယ်ဆို”

“ပူတယ်..... ပူတယ် ... ပူတာမှ တအားကြီးကိုပူတာ”

“သား ရောက်ဖူးချင်တယ်”

“အို ... အဲဒီ နေရာက သားရောက်မယ့်နေရာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ မနေ့ညက ဖန်ပုလင်းလေးထဲက ပုရစ်ကလေးတွေ ကို မေမေလွှတ်ပေးပြီးတော့ သားကို ဆုံးမတယ်လေ။ ဘုရားဟောကြားထားတဲ့ ငါးပါးသီလ မလုံခြုံတဲ့သူတွေ ၊ သူတပါး သားမယားပြစ်မှား းတဲ့သူ တွေ ၊ သူ့ဥစ္စာခိုးတဲ့သူတွေ ၊ အရက်သေစာသောက်စား ရမ်းကားတဲ့သူတွေ မှ ငရဲကျတာ သား ရဲ့ ”

“မေမေက မရောက်ဖူးပဲနဲ့ … ဘာလို့ ဒီလောက်တောင် သိနေရတာ လဲ”

“ဟယ် .. အဲဒါက ဘုရားရှင် ကိုယ်တော် မြတ်ကြီး ဟောကြားထားတဲ့ တရားတော် တွေ ၊ ဆရာတော် ကြီးတွေ ရဲ့ အဆုံးအမတွေ ကတဆင့် သိတာပေါ့ကွဲ့”

မောင်နေထွဋ်ကလေးဟာ ဘာမှ ဆက်မမေးတော့ဘဲ အဓိပ္ပာယ်တစ်မျိုး ပါတဲ့ မျက်နှာ ကလေးနဲ့ သူ့အမေကို တစ်ချက်ကြည့်ရင်း ငြိမ်ကျသွားတယ်။

ဒီတော့ သူ့အမေလည်း ချက်ချင်း သဘောပေါက်သွားတာပေါ့။ ယောက်ျားနဲ့ တိတ် တိတ်ကြိတ်ပြီး ဆွေးနွေးရတော့တယ်။

“ဖေကြီးရေ … သားက လက်တွေ့ဝါဒီနဲ့ တူတယ်။ တခြားကလေးတွေ နဲ့ သိပ်မတူဘူး။ နတ်ပြည်တို့ ငရဲပြည်တို့ကို ကျွန်မတို့က မရောက်ဖူးပဲနဲ့ ကောင်းတယ်၊ ဆိုးတယ် ပြောနေတာ ကို သူမကြိုက်ဘူး။ ကြာလာရင် ကျွန်မတို့ မိဘတွေ ကို သူ့အယုံအကြည် ကင်းမဲ့လာလိမ့် မယ်။ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်”

“တို့တွေ သူတို့ ပုံပြင်တွေ အများ ကြီး ပြောပြထားတယ်လေ။ ယုန်နဲ့လိပ်တို့ သိုးရေခြုံတဲ့ဝံပုလွေတို့၊ ရွှေယုန်ရွှေကျားတို့ အဲဒါတွေ ကို လက်တွေ့ကျကျ မြင်နိုင်အောင် လာမယ့် တနင်္ဂနွေနေ့တိရစ္ဆာန်ရုံခေါ်သွားမယ်လေ။ မကောင်းဘူးလား ..........”

“အိုး … ဟုတ်လိုက်လေ…”

(၇)

နေသာသာ၊ တိမ်ပြာပြာ နေ့ကလေးတစ်နေ့။

အဖေနဲ့ အမေကို ဘယ်တစ်ဖက်၊ ညာတစ်ဖက် တွဲ ထားတဲ့ ကောင်လေး တစ်ယောက် ဟာ လှောင်အိမ်တစ်ခုရှေ့ရောက်တိုင်း မပီကလာ ပီကလာလေသံလေးနဲ့ ......

“ဖေဖေ .. ဒါက အီစွတ်ပုံပြင်ထဲက မြေခွေးကြီးမဟုတ်လား”

“ဟုတ်တယ်သား… ဟုတ်တယ်”

“ဖေဖေ .. ဒါ တစ်ထောင့်တစ်ည ပုံပြင်ထဲက မြင်းကြီးလားဟင်”

“ဟုတ်တာပေါ့ ... သားရဲ့ ”

ဒီလိုနဲ့ လှောင်အိမ်တွေ တစ်ခုပြီးတစ်ခု လိုက်ကြည့်အပြီး တိရိစ္ဆာန်ရုံကနေ ပြန်ခါနီး တော့၊ သူ့အမေက ..........

“ကဲ .. သား၊ သားရောက်ချင်တဲ့ နိဗ္ဗာန်တွေ ၊ ငရဲတွေ က သိပ်ဝေးတော့ မေမေတို့ လိုက်မပို့ပေးနိုင်ဘူး။ ဒါပေမယ့် သားတွေ့ချင်တဲ့ ပုံပြင်ထဲက ဆင်တွေ ၊ မြင်းတွေ ၊ ဝက်ဝံတွေ ၊ ခြင်္သေ့တွေ မေမေတို့ လိုက်ပြပြီးပြီးနော်၊ သား ကျေနပ်တယ်မဟုတ်လား”

“ကျေတော့ ကျေနပ်ပါတယ် ၊ အင်း ... ဒါပေမယ့် ...........”

“ဒါပေမယ့် ဘာ ဖြစ်လဲ သား”

“သား နောက်ထပ် နှစ် ကောင်တွေ့ချင်သေးတယ်”

“ပြောလေ .. ဘာကောင်တွေ လဲ”

“နဂါးနဲ့ ဂဠုန်”

“အင်....”

“အဲ ...”

မှတ်ကရော ...။

သူ့အဖေနဲ့ အမေလည်း ငုတ်တုပ်ကို မေ့လို့ ...။

(ဃ)

သူက စာလည်းတော် ပါတယ်။ စာတော် တဲ့ ကျောင်းသားဆိုတော့ ဆရာ၊ ဆရာမ တွေ ကလည်း သူ့ကို ချစ်ကြ၊ ခင်ကြ အလေးထားကြတယ်။

ဒါပေမယ့် တစ်ခါတစ်ခါ သူရှုပ်လိုက်ရင်လည်း ဆရာ၊ ဆရာမ တွေ

တိုင်ပတ်ပေတော့ပဲ။

“သား … ဘာတွေ ရေး နေတာလဲ”

စာအုပ်တစ်အုပ်ထဲမှာ စာင့်ရေး နေတုန်း မြန်မာစာ ဆရာမ အပျိုကြီး ဒေါ်သင်းသင်းမာ က ရပ်၍ မေးလိုက်သည်။

“သား … စာရင်းပြုစုနေတာပါ ဆရာမ …”

“ဟုတ်လား … ဘာစာရင်းများ လဲကွဲ့”

“မြန်မာစကားနဲ့ ပတ်သက်တဲ့ စာရင်းတစ်ခုပါ။ ဆရာမ ကိုတော့ မပြတော့ပါဘူး ။ အဟီး…..”

“အဲဒီ လိုတော့လည်း ဘယ်ဟုတ်ဦးမလဲကွယ်၊ ဆရာမ တို့ကိုပြမှ သားကို ကူညီလို့ရမှာ ပေါ့။ ပြောပါဦး .. .သားက ဘာတွေ စာရင်းလုပ်နေတာလဲ”

“သြော် …. သားတို့ မြန်မာစကားမှာ တစ်ခါတစ်ရံ လူတွေ ကို သူတော့ ယောင်ခြောက် ဆယ် ဖြစ်နေပြီလို့ ပြောတတ်ကြတယ် မဟုတ်လား”

“အင်း ….. တက်ကြွဖျက်လက်မှု မရှိတဲ့အချိန်မှာ အဲဒီ လို ပြောကြတာပဲ”

“အဲဒါ တကယ်ကော ယောင်ခြောက်ဆယ်ရှိပါ့မလားဆိုတာ ပြည့်မပြည့် စာရင်းပြုစု ကြည့်နေတာ။ သားတော့ ယောင်ဆယ့်သုံးမှာ ရပ်နေတယ် ဆရာမ ၊ ဆရာမ လည်းသိတာလေး တွေ ရှိရင် ဟောဒီမှာ ဖြည့်ပါဦး …. ခြောက်ဆယ်ပြည့်သွားအောင် ……………”

“ဟင်…”

မြန်မာစာ တီချယ် နည်းနည်း မျက်လုံးပြူး သွားပြီး သူ့စာအုပ်ကို ကောက်ဖတ်လိုက် သည်။

ယောင်ခြောက်ဆယ်

(နေထွင့် စာရင်းပြုစုသည်)

၁။ ယောင်နန

၂။ ယောင်ပေပေ

၃။ ယောင်ဝါးဝါး

၄။ ယောင်ချာချာ

၅။ ယောင်အအ

၆။ ယောင်လည်လည်

၇။ ယောင်တောင်ပေါင်တောင်

၈။ ယောင်တိယောင်ကန်း

၉။ ရောတောယောင်တောင်

၁၀။ ဟိုယောင်ယောင် ဒီယောင်ယောင်

၁၁။ ယောင်းရမ်းတမ်းတ

၁၂။ ဂယောင်ခြောက်ခြား

၁၃။ ယောင်တိယောင်တောင်

ဆရာမ က သူ့စာအုပ်ကို ဖတ်ပြီးတော့ မသိမသာ သက်ပြင်းချလိုက်သည်။

ယုတ္တိရှိတာမရှိတာ အသာထား။ ဒီကိစ္စက စိတ်တော့ စိတ်ဝင်စားစရာပဲ။ ကိုယ်က မြန်မာစာကို သင်သာနေတာ။ နေထွင့်လောက် လက်တွေ့မဆန်ဘူး။

ဟင်း ... ဒီကိစ္စက ကျမ်းတတ်၊ ပေတတ် မြန်မာစာ ဂုရုကြီးတွေ ဆီသွားပြီး ဆွေးနွေးရ အောင်ကလည်း ရှက်တော့ရှက်စရာကြီး။

ဒီတော့ ဘာလုပ်ရရင် ကောင်းမလဲ။ ကိုယ်ကလည်း အပျိုကြီးဆိုတော့

ညမအိပ်ခင် အချိန်တွေ က အားတာများ တယ်။ ဟုတ်ပြီ။ ခြောက်ဆယ်ပြည့်အောင် နေထွင်နှလို စဉ်းစား ကြည့်မယ်။

ဒီလိုနဲ့ .....

ဆရာမ ဒေါ်သင်းသင်းမာ တစ်ယောက် ညမအိပ်ခင် ယောင်ခြောက်ဆယ်စာရင်းကို အပြင်းအထန် ပြုစုကြည့်ရာ တစ်ယောင်မှ ထပ်ထွက်မလာတော့ပဲ ယောင်ဆယ့်သုံးနဲ့ ဘူပိတ် ပြီး နောက်ဆုံးတော့ နေထွင်နှ ငါ့ကိုများ ကျပ်သွားတာလား။ သံသယနဲ့ အဲဒီ ကျောင်းသား နောက်ဆို ဘာရေး ရေး ယောင်လို့မှ ငုံ့မကြည့်တော့ပေ။ (ဟော .. ပြောရင်းဆိုရင်း .. “ယောင်”တစ်လုံးက ပါလာပြန်ပြီ။ ဟင်း .... ငါ့နှယ်)

x x x

(င)

သူငယ်ချင်းတော် တော် များများ က သူတို့ရဲ့ ပြဿ နာတချို့ မှာ သူ့ဆီက အကြံဉာဏ် ယူရသလို သူမလည်ရှုပ်လုပ်လိုက်လို့ ခံသွားရသူတွေ ဆိုတာလည်း ဒုနဲ့ဒေး........။

သူတို့က သူငယ်ချင်းသုံးယောက် တစ်အုပ်စုလေးပါ။ နေထွင်နှ ၊ စည်သူချမ်းအေး၊ မင်းမြတ်ဖြိုး . ....။

မြန်မာဇာတ်ကားတွေ ထဲကလို နေထွင်နှချောပြီး ကျန်နှစ် ယောက် က အရုပ်ဆိုး၊ နေထွင်နှ က ပညာရှိပုံအရမ်းပေါက်ပြီး ကျန်နှစ် ယောက် က ပေါတောတော ၊ လမ်းသွားရင် နေထွင်နှက အလယ်က ကျန်နှစ် ယောက် က ဘေးဘယ်၊ ညာ ခြံရံ အဲလို သဘောမျိုး ပေါင်းကြသင်းကြတာ တော့ မဟုတ်ဘူး။

ရုပ်ရည်အဆင့်အတန်း “ဇ”တွေ ကတော့ အားလုံး Level တူတွေ ချည်းပဲ။ (အဲ ..ဒါပေ မယ့် စာဖတ်ပရိသက်အလိုကျ နေထွင်နှက နည်းနည်း ပိုချောပြီး ပညာရှိပိုဆန်လေသတည်းပေါ့ ... နော့) သူတို့ သုံးယောက် စလုံးက ရှုံ့ရှုံ့မိုက်မိုက်နဲ့

ကိုယ်ထင်ရာ စွတ်လုပ်တတ်ကြပုံချင်း လည်း တူတယ်။

ဥပမာပြောရရင် ဆရာဝန်၊ အင်ဂျင်နီယာ၊ ရေကြောင်းသိပ္ပံမီနိုင်ပါလျက်နဲ့ နေထွဋ်က ဝိဇ္ဇာလိုင်း ရွေးချယ်ပြီး သူယုံကြည်ရာအတိုင်း တက္ကသိုလ်ရောက်တော့ သမိုင်းအဓိက ယူခဲ့ သလို ၊ စည်သူချမ်းအေးကလည်း မြန်မာစာအဓိကနဲ့ ဝိဇ္ဇာလိုင်းရွေးချယ်ခဲ့တယ်။

မင်းမြတ်ဖြိုး ကတော့ ဘာကိုမှ drive လုပ်ထားတာမရှိ။ ခေါင်းလည်းသိပ်အစားမခံ။ Physics က ခပ်ချောချော ကောင်မလေးတွေ လည်း များ တယ်။ မောင်မယ်သစ်လွင်မှာ စတိတ် ရှိုးလုပ်ပြီပေ့ဆိုလည်း အကြီးအကျယ်ပဲဆိုတာနဲ့ Physics ရောက်သွားတာ။

အခု ပြောချင်တာက ပတ်ထရစ်ရှာ တင်အောင်ကြီးကိစ္စ။

ယောက်ျားလေးတွေ များ အားယားနေရင် မိန်းမထိုင်ငမ်းနေရာမယ်လို့ ဘယ်ပညာရှိ ကြီးကများ ဆုံးမသွားလေတယ်မသိပါဘူး။ အင်းလေ .. .စိတ်ဝင်စားစရာဆိုလို့ ကမ္ဘာပေါ်မှာ အထီးနဲ့ အမ၊ မိန်းမနဲ့ ယောက်ျား ဒီနှစ် မျိုး တည်းရှိတာကိုးလို့။

“ပက်ထရစ်ရှာ ဦးတင်အောင်ကြီးကလည်း သိသင့်တာပေါ့ကွ။ ကိုယ့်နာမည် ပါပြီးရော ဆိုပြီး ကိုယ့်သားသမီးကို အဲဒီ လို နာမည် တွေ လျှောက်မပေးသင့်ဘူး။ မွေးထားတာက သမီး မိန်းကလေးလေ။ တော် တော် ကြာ မတော် သူ လူယုတ်မာတစ်စုက ကျောင်းမှာ ပတ်ထရစ်ရှဖင် ပြောင်ကြီးလို့ ဝါဒဖြန့်လိုက်ရင် မခက်ဘူးလား”

ကာယကံရှင်မိန်းကလေးကတောင် သူ့နာမည် သူ ဒီလောက်သရုပ်ခွဲကြည့်ထားဖူးပုံ မပေါ်။ သူတို့မှာ သာ ဖင်ပြောင်ကြီး အရေး တော် ပုံကို မည် သို့ ကိုင်တွယ်ဖြေရှင်းရမည် ဆိုတာ လက်ဖက်ရည်ဆိုင်မှာ ပေါင်ကားထိုင်ရင်း မဲခွဲဆုံးဖြတ်နေခြင်း ဖြစ်လေသည်။

နေထွဋ်က စည်သူချမ်းအေးစကားကြောင့် ရယ်လိုက်ပြီး...........

"အဲဒီ မတော် သူ လူယုတ်မာဆိုတာ မင်းပဲ မဟုတ်လား။ မင်းအဲဒီ လို သူများ သားသမီး ကို နာမည် ဖျက်ပြီး စချင်နေတယ် မဟုတ်လား"

"အေး .. အဟီး နစ်နာစေလိုတဲ့ စိတ်နဲ့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် အဟဲ စချင်နေ တာတော့ ပါးစပ်ကိုယားနေတာပဲ။ အခုနေများ သူ့ကို ပက်ထရစ်ရှာ ဖင်ပြောင်ကြီးလို့ ခေါ် လိုက်ရင် ဘယ်လိုများ ဖြစ်သွားမလဲ မသိဘူးနော်။ တော် တော် တော့ ပေါက်ကွဲမှာ ။ ငါ့မှာ လည်း ဘယ်ဘဝက ကုသိုလ်မှန်းမသိပါဘူး။ မိန်းမတွေ ့ရင် စလိုက်ရမှ နေသာထိုင်သာရှိတာ"

"စလိုက်ရမှာ မပူနဲ့ ၊ ဟိုမှာ လာနေပြီ"

ပက်ထရစ်ရှာ တင်အောင်ကြီးဆိုတာ နေထွဋ်နဲ့ အတန်းတူ ကျောင်းသူ တစ်ယောက် ပါ။ နေထွဋ်နဲ့လည်း မျက်မှန်းတန်းမိရုံ ခင်မင်ကြပါတယ်။

အခု သူမလမ်းလျှောက်လာနေတာကိုကြည့်ပြီး သုံးယောက် သား ပြုံး ဖြီးဖြီးလုပ်နေတာ ကို မြင်သွားပြီး လက်ဖက်ရည်ဆိုင်ကို ဒိုင်းခနဲ မျက်စောင်းပစ်သွားလေရဲ့ ။

စည်သူချမ်းအေးဆိုတဲ့အကောင်က မိန်းကလေး တစ်ယောက် ကို ဖင်ပြောင်ကြီးလို့ စရဲ တဲ့ "ဇ"တော့ မရှိပါဘူး။

ဒါပေမယ့် ဒီတိုးတိုးကြိတ်ကြိတ် သတင်းဟာ ဘယ်ကနေ ပေါက်ကြားသွားလေတယ် မသိပါဘူး။

ပက်ထရစ်ရှာ တင်အောင်ကြီးခမျာ ပက်ထရစ်ရှာ ဖင်ပြောင်ကြီးဆိုတဲ့ နာမည် ပြောင် တစ်ခုရှိနေပြီမှန်း နာနာကျည်းကျည်းနဲ့ သိရှိ သွားပါလေတော့တယ်။

လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြတုန်း ဘေးခုံကကောင်တွေ ကြားသွားပြီး ဖွပစ်လိုက်တာ လည်း ဖြစ်နိုင်တယ်။

အဲဒီ တော့လည်း စည်သူချမ်းအေးက တစ်စခန်းထလာပြန်ရော။

"ငါစိတ်မကောင်းပါဘူးကွာ။ ဒီဖင်ပြောင်ကြီးကိစ္စကို ငါတို့ လျှို့ ဝှက်ထားကြတာ

ဘယ် ကနေ ဘယ်လိုပေါက်ကြားသွားလေတယ် မသိဘူး။ မနေ့ညနေက ကျောင်းကပြန်တော့ ဖယ်ရီ ပေါ်က ကားတွေ သူ့ကို ပက်ထရစ်ရှာ ဖင်ပြောင်ကြီးလို့ နောက်သွားတာ ငါ့နားနဲ့ ဆက်ဆက် ကြားလိုက်ရတယ်"

မင်းမြတ်ဖြိုး ကလည်း ဒါမျိုး ဆို မနေနိုင်။ နိုင်သလောက်ကလေး ဝင်ကျုပ်ပေးလိုက် ရမှ ကျေနပ်သူ ပီပီ။

"မင်းသွားတောင်းပန်လိုက်တော့ သူငယ်ချင်း..။ ဒီကိစ္စကို တစ်ဖက်လူ ကျေနပ်သည် အထိ မင်းတောင်းပန်သင့်တယ်။ သူရဲကောင်းတို့မည် သည် ကိုယ့်လုပ်ရပ်ကို ပြီးဆုံးသည် အထိ တာဝန်ယူမှု ရှိရ၏ .... တဲ့။ ဘယ်နီတိထဲမှာ လည်းမသိဘူး ငါဖတ်ဖူးတာ"

စည်သူချမ်းအေးဆိုတာ အာပူလျှာစပ်သွားတဲ့ မျောက်အိုတစ်ကောင်လို ရှုံ့မဲ့ရှုံ့မဲ့ ဖြစ် သွားပြီး.....။

"မင်းအဘတဲ့မှ..... ဟိုက ပေါက်သာ ပေါက်ကွဲနေတာ၊ လက်သည် ဘယ်သူမှန်းသိ သေးတာမဟုတ်ဘူး။ ငါက သွားတောင်းပန်လိုက်မှ ကျားရှေ့မှော က်လျက်လဲသလို ဖြစ်ကုန် မှာ ပေါ့ကွ"

"အေးလေ.... မင်းကလည်း ကျုပ်တယ်ဆိုတာ တော် ရုံတန်ရုံ ကျုပ်ရတယ် မြတ်ဖြိုး ရဲ့ ။ ကိုယ့်သူငယ်ချင်း ထိခိုက်နစ်နာမယ့် ကိစ္စမျိုး ဆို မလုပ်ရဘူး"

အဲဒီ အချိန်မှာ ပဲ နေထွဋ်က စည်သူချမ်းအေးမမြင်အောင် မင်းမြတ်ဖြိုး ကို မျက်စပစ်ပြ လိုက်ပြီး ဂျွန်ဝင်မြောက်တဲ့ သမိုင်းစာမျက်နှာသစ်ကို မလည်ရှုပ်ခလုပ်နိုပ်ပြီး ဖွင့်ပေးလိုက် တော့တယ်။

"မင်း သူ့ကို သနားလား ဟိတ်ကောင် ..."

"အေး .. ဘယ်လိုခေါ်မလဲ.... ငါနဲ့မသားချင်း စာနာသွားတယ်ဆိုပါတော့.."

"သေချာပြီ ... သိပ်ကိုသေချာသွားပြီ သယ်ရင်း ..."

"ဟင် .. ဘာ . ဘာ ... ဘာ သေချာသွားတာလဲ ။ လုပ်စမ်းပါဦး.."

“မင်းသူ့ကိုချစ်နေပြီ…”

“ဟေ …”

x x x

(၈)

“ဟဲ့ .. နေထွင့် …”

“ဘာလဲ ..”

ပတ်ထရစ်ရှာ တင်အောင်ကြီး တစ်ယောက် နေထွင့်ကို တာဝေးကြည့်နဲ့ရှိုးနေပြီ။ အတန်း ပြီးသည်နှင့် ဖြုန်းစားကြီးရောက်ချလာသည်။

“နင့်ရဲ့ ဟို တစ်ယောက် လေ …..”

“ဘယ် တစ်ယောက် လဲ …..”

“ငါ မသိဘူးဟာ ….။ နင်နဲ့ တွဲ နေတာ နင့်သူငယ်ချင်းနှစ် ယောက် တည်းက ဟိုဟယ် လူက နေ နည်းနည်း ပြောင်ချော်ချော် စပ်ဖြီးဖြီးနဲ့ မျောက်ရုပ်ပေါက်နေတဲ့ တစ်ယောက် ”

“ဟမ် …. သြော် … အေး … ။ စည်သူချမ်းအေး အဲကောင်ဘာ ဖြစ်သလဲပြော”

“ဘာ ဖြစ်ရမှာ လဲ .. အဲကောင်အရှုးဟဲ့”

“သူ့ အကောင်းကြီးပါဟ ဘယ်လိုရှူးနေလို့တုန်း”

“နင်မသိတော့ ငါပဲ ရှင်းပြရမှာ ပေါ့။ ဓမ္မသတ်ကျမ်းဂန်တွေ အရ သရုပ်ခွဲကြည့်ရင် အရူးက ပတ်ထရစ်ရှာ ဖင် အဲ .. သူငယ်ချင်းရဲ့ ။ ရာဂုမ္မတ္တက၊ ကောဓုမ္မတ္တက၊ ဒိဋ္ဌုမ္မတ္တက၊ မောဟုမ္မတ္တက၊ ယက္ခုမ္မတ္တက၊ ပိတ္တုမ္မတ္တက၊ သုရုမ္မတ္တက နဲ့ ဗျသ   နုမ္မတ္တကတဲ့။ ကဲ … အဲဒီ ထဲက ဘယ်ဟာနဲ့ ငြိစွန်း နေလဲပြော”

“စိတ်ညစ်ပါတယ်ဟယ်.. နင်ပြောလိုက်တော့မှ ပိုရှုပ်ကုန်ပြီ။ ငါယောင်ကြူး ကြူး

ဖြစ် သွားပြီ”

“ဘာ .. ဘာ .. ယောင်ကြူး ကြူး ဟုတ်လား......”

“အေးလေ. .. ယောင်ကြူး ကြူး ရှူးကြောင်ကြောင်လို့ ပြောတာဟဲ့”

ဟုတ်ပေသားပဲ စိတ်ကတွေ းရင်း၊ အထက်တန်းတုန်းက မပြီးပြတ်သေးတဲ့ ယောင် ခြောက် ဆယ်စာရင်းရဲ့ ဘယ်နှစ် ခုမြောက်မှန်း မသိတော့တဲ့ ယောင်မှာ ယောင်ကြူး ကြူး ကို စိတ်ကူးနှင့် စာရင်းပြုစုလိုက်ပြီး သူမစကားကို ဆက်နားထောင်နေလိုက်သည်။

“ဟိုဟယ်. ..... နေ့ခင်းကြောင်တောင်ကြီးမှာ သူငါ့ကို ပေါကြောင်ကြောင်နဲ့ စာလိုက် ပေးတယ်။ အဲလိုအရှူး”

နေ့ခင်းကြောင်တောင် စာလိုက်မပေးလို့၊ ညနက်သန်းခေါင် စာလိုက်ပေးရမှာလား ငကြောင်မရဲ့ ။

“စာဆိုတာဘာလဲ .... ဟို ရည်းစားစာလား”

“အင်း ... အဲလိုဆိုပါတော့”

“အဲဒီ တော့ ... နင်က”

“ကြိုက်ဖို့တော့ဝေးပဲ။ စာက တော်တော် ကို ပေါကြောင်ကြောင်ရေး ထားတာ”

“ပြစမ်း၊ ငါဖတ်ကြည့်ဦးမယ်”

တကယ်တော့ အဲဒီ ရည်းစားစာဟာ စည်သူချမ်းအေး လက်စွမ်းမပြရဲလို့ သူကိုယ်တိုင် ပေါက်တတ်ကရ လျှောက်ရေး ပေးလိုက် တဲ့ ရည်းစားစာပါ။

ကောင်မလေးရေ...

ဟစ်တလာကိုလည်း ငါဂရုမစိုက်ဘူး..

နပိုလီယန်လည်း စိတ်မဝင်စားပါဘူး။

အိုစမာနဲ့ ဆဒမ်ဟူစိန်လည်း မကြောက်ပါဘူး။

မင်းကသာ ပြန်ချစ်မယ်ဆိုရင် ဟောဒီကမ္ဘာမှာ

ငါဟာ အရဲရင့်ဆုံး သူရဲကောင်း တစ်ယောက် ပေါ့.....။

"အောင်မာ လာလာချည်သေး"

"အေးဟယ် .. နိုင်ငံခေါင်းဆောင်တွေ နဲ့များ ဥပမာပေးပြီး မတန်မရာ ရေးထားတာ။ ဒါ အချစ်ဆိုတာ သေချာလို့လား"

"အင် .. သိဘူးလေ။ သူ့မေးကြည့်မှ သိမှာ ပေါ့ ဒါနဲ့ နေပါဦး ဒီရည်းစားစာကြီး ငါ့လာပြတော့ ငါက ဘာလုပ်ပေးရမှာ လဲ"

"ငါက တစ်ခုခုဆို ဒေါသပဲ ထွက်တတ်တာ။ ပြန်ပြီး ပညာမပေးတတ်ဘူး နင်က ပေါက်ကရ ဉာဏ်တွေ ထွက်ပါတယ်ဟယ်။ သေသေချာချာ စဉ်းစားပြီး ငါ့ကို ပြန်စာ တစ်စောင်လောက် ရေး ပေးစမ်းပါ။ သင်းကို နှိပ်ကွပ်ချင်လို့"

"ဩော် ... ဒီလိုလား... အင်း ဖြစ်ပါတယ်။ တစ်ရက်နှစ် ရက်တော့ အချိန်ပေး"

"အေး ... အဲဒါဆို ငါ အဲဒီ ကိစ္စ စိတ်ချလိုက်တော့မယ်နော်။ ဩော် ... ဒါနဲ့ နင်စောစောက ပြောတဲ့ အရူးရှစ်မျိုး ဆိုတာလေ အဟဲ နင်က ပါဠိလိုပြောတော့ ငါနားမလည်ဘူးဟ။ အဲဒါ ငါ့ကို မြန်မာလိုလေး အနက်အဓိပ္ပာယ်ဖွင့်ပြီး စာရွက်လေးနဲ့ ရေး ပေးပါလို့နော် နေထွေး"

သူလည်း ပက်ထရစ်ရှာ တင်အောင်ကြီးရဲ့ မှတ်စုစာအုပ်ထဲမှာ အောက်ပါအတိုင်း ချရေး ပေးလိုက် ရလေတော့သည်။

အရူးမျိုး (၈)ပါး -

(ဓမ္မသတ်)

၁။ ရာဂုမ္မတ္တက - တဏှာရာဂ ရမ္မက်ဖြင့်ရူးသော အရူးမျိုး

၂။ ကောဇမ္မတ္တက - အမျက်ဒေါသလွန်သဖြင့် ရူးသော အရူးမျိုး

၃။ ဒိဋ္ဌုမ္မတ္တက - အယူဖောက်ပြန်ကြံစည်လွန်းသဖြင့် ရူးသော အရူးမျိုး

၄။ မောဟုမ္မတ္တက - မိုက်မဲတွေ ဝေသဖြင့် ရူးသော အရူးမျိုး

၅။ ယက္ခုမ္မတ္တက - ဘီလူး၊ သရဲ၊ စုန်း၊နတ် ဖမ်းပူးသဖြင့် ရူးသော အရူးမျိုး

၆။ ပိတ္တုမ္မတ္တက - သည်းခြေပျက်၍ ရူးသော အရူးမျိုး ။

၇။ သုရုမ္မတ္တက - သေရည်သောက်လွန်းသဖြင့် ရူးသော အရူးမျိုး

၈။ ဗျသ   နုမ္မတ္တက - စည်းစိမ်ဥစ္စာပျက်သဖြင့် ရူးသော အရူးမျိုး

x x x

(ဆ)

အဆိုးတကာ့အဆိုးဆုံးအ ဖြစ် ကတော့ ခပ်ပေါ့ပေါ့ကလေးတွေ းပြီး သူတပါးကို လှောင် ပြောင်လိုစိတ်နဲ့ နာမည် ပြောင် မတော် တရားပေးပြီးကာမှ

မရည်ရွယ်ပါဘဲ ရူးရူးမူးမူး ချစ်သွားမိတဲ့အ ဖြစ်ပဲ... လို့ စည်သူချမ်းအေး စဉ်းစား နေမိ ပြီး ပတ်ထရစ်ရှာတင်အောင်ကြီးအလာကို ရင်မောစွာ စောင့်မျှော်နေမိသည်။

အချစ်...။ အချစ်ဆိုတာ ဘယ်သူဖန်ဆင်းတာလဲ...။

ကျူး ပစ်က ငါ့ရင်ကို မြှာ းနဲ့ဝင်ပစ်သွားတာလား။ ဒါမှမဟုတ် ဗီးနပ်စ်အချစ် နတ်သမီး ကပဲ စားပွဲထိုးယောင်ဆောင်ပြီး လက်ဖက်ရည်ဆိုင်မှာ ငါထိုင်နေတုန်း ငါစားမယ့် အီကြာကွေး ပေါ်ကို နို့ဆီအ ဖြစ် ဖန်ဆင်းထားတဲ့ အချစ်ဆီတွေ လောင်းချပေးသွားတာလား ။

ဟင်း.... ။ ငါတကယ်ပဲ ချစ်နေပြီ...။ တကယ့်ကို ချစ်တတ်နေပြီ....။

ဒီကိစ္စမှာ တကယ့်တရားခံက နေထွဋ်ပဲ....။ နေထွဋ်က

“မင်းသူ့ကို ချစ်နေပြီ”လို့ ပြောလိုက်တဲ့ အချိန်မှာ ငါ့တစ်ကိုယ်လုံး အကြောပေါင်း

တစ် ထောင် (အဲလေ ... အဲလိုကြီး သုံးနှုန်းတာ ကြမ်းလွန်းပါတယ်။ ထားပါတော့)ငါ့ တစ်ကိုယ်လုံး ပူနွေးရှိန်းမြပြီး ရင်ထဲအသည်းထဲမှာ အေးကနဲ၊ နွေးကနဲ ၊ လင်းကနဲ၊ လက်ကနဲ၊ ပြုံး ကနဲ၊ ပျက်ကနဲ။

တကယ်တော့ပက်ထရစ်ရှာတင်အောင်ကြီးဟာ ငါ့အတွက်တော့ ဘုရားသခင်တားမြစ် ထားတဲ့ ကန့်သက်နယ်မြေပဲ။ ချစ်သူတွေ ဖြစ်သွားကြပြီပဲထား.... တစ်ချိန်မှာ ပက်ထရစ်ရှာ ဖင်ပြောင်ကြီးလို့ နာမည် ပြောင်ပေးခဲ့တဲ့ .. သူဟာ ငါမှန်း သူသိသွားရင် အို ..... အဲဒီ အချိန် ဟာ ငါတို့ နှစ် ယောက် စီဒိုးနားမှာ လက်ထက်ဖို့ ဘိုကင်လုပ်ပြီး တစ်ပတ်အလိုလောက်မှာ များ ဖြစ်ခဲ့ရင် ...”

ဟုတ်တယ် .. ငါ တောင်းပန်ရလိမ့်မယ်။ ဒူးထောက်ဆို ဒူးထောက်ပြီး တောင်းပန် ရလိမ့် မယ်။ လက်မြှော က်ဆို လက်မြှော က်ပြီး တောင်းပန်ရလိမ့်မယ်။ အုန်းပွဲ ငှက်ပျောပွဲနဲ့ ဆွေမျိုး ခုနစ် ဆက်အပြင် မိဆိုင်ဖဆိုင် နတ်တွေ ကိုပါ တောင်းပန်ဆိုရင်လည်း ငါတောင်းပန် ရလိမ့်မယ်။

ဒါမှမဟုတ် လူသိရှင်ကြား သတင်းစာထဲထည့်ပြီး တောင်းပန်ဆိုလည်း ငါတောင်းပန် ရလိမ့်မယ်။ ဒါမှမဟုတ်လည်း ထိုက်သင့်သော အပြစ်ဒဏ်အ ဖြစ် မျောက်ကကခိုင်းလျှင် သော် လည်းကောင်း၊ ထမင်းခုနစ် ရက် မစားခိုင်းလျှင်သော် လည်းကောင်း၊ သင်္ချိုင်းကုန်းမှာ သုံးညတိတိသွား အိပ်ပါဆိုလျှင်သော် လည်းကောင်း၊ ရပ်တကာလှည့်ပြီး မိန်းမလျာ တစ် ယောက် လို ဝတ်စားဆင်ယင်ကာ ရှောက်သီးဆေးပြားတစ်ပတ်တိတိ ရောင် းပါ ဆိုလျှင်သော် လည်းကောင်း၊ ငါ့ဘက်က နာခံဖို့ အဆင်သင့်ပါပဲ။

တကယ်တော့ အချစ်ဆိုတာ နူးညံ့တဲ့ ပန်းကလေးတစ်ပွင့်။ ဆောင်းခိုငှက်ကလေး ကိုက်ချီလာတဲ့ ကောက်ပင်တစ်ပင်။ တောင်ညိုတစ်ခွင် ပြုံ နိမ့်ဆင်းလာတဲ့ မိုးရေတစ်စက်။ နိဝင်ဘာလ ဆန်းမှာ ပွင့်တတ်တဲ့ ချယ်ရီပန်းကလေးရဲ့ ပန်းနုတစ်ရောင် ။

ဩော် ... အချစ်ဆိုတာ ဗေဒင်ဆရာတို့ရဲ့ ကံကြမ္မာ။ မျက်လှည့်သမားရဲ့

ဝှက်ဖဲတစ်ချပ်။ သူတော် စင်တို့ရဲ့ မြင့်မြတ်မှု ။ နေမင်းရဲ့ အလင်းရောင် ။

"ဒီမှာ ...... ဒီမှာ ဟို ဝိတ္တာ့ုမ္မတ္တက ..."

"အမလေး ... အဲ ပက်...ပက်ထရစ်ရှာ"

နွေလယ်ခေါင်မှာ ဆောင်းအိပ်မက် မက်ကောင်းနေတုန်း ချစ်ရတဲ့သူရောက်လာသဖြင့် စည် သူချမ်းအေး တွန့်ခနဲ ဖြစ်သွားသည်။

ဟုတ်ပါရဲ့ ...။ ဒီနေ့ဟာ ကိုယ်တို့နှစ် ယောက် အတွက် ဖိုင်နယ်ပွဲစဉ်ပဲ။

ချစ်မယ်။ မချစ်ဘူး။ အချိန်ပိုပေးမယ်။ မပေးဘူး။ အနီကတ်။ အဝါကတ်။ နာကျင်မိနစ် စတဲ့ ဒိုင် တစ်ယောက် ရဲ့ လုပ်ပိုင်ခွင့်အာဏာတွေ ကို ကိုင်ဆောင်ပြီး မိန့်မိန့်ကြီးနဲ့ သူမရောက် လာခဲ့တော့တယ်။

"ကျွန်. .. ကျွန်တော့် ကို ဘယ်လို ခေါ်လိုက်တယ်"

"ပိတ္တာ့ုမ္မတ္တက လို့ခေါ်လိုက်တာ"

"ခင်ဗျာ ...."

"ရာဂုမ္မတ္တကလို့ ခေါ်မယ်ဆိုလည်း ရှင်နဲ့ သင့်တော် မယ်ထင်ပါရဲ့ "

"ဘာ ... ဘာ. ... .ဘယ်လို"

"အိုရှင် .... ယက္ခုမ္မတ္တက၊ ဒိဋ္ဌုမ္မတ္တက၊ မောဟုမ္မတ္တက၊ ဗျသ   နုမ္မတ္တကပဲရှင်"

"ကျွန်တော် ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် စကားတွေ နားမလည်ဘူးဗျ"

စည်သူချမ်းအေး တစ်ယောက် ခေါင်းကုတ်ဖင်ကုတ်အလုပ်ရှုပ်သွားသည်။ ဘုရား .. ဘုရား.... ဒါ ငါ့ကို ဝတ္ထုတွေ ထဲကလို ပဟေဋ္ဌိဖွက်ပြီး အဖြေပေးလိုက် တာလား။

"ကျွန်တော့် ကို ပေးမယ့်အဖြေဆိုတာ ဒါတွေ လားဟင်"

ဒီတော့မှ ပက်ထရစ်ရှာအောင်ကြီး တစ်ယောက် မားငွေ့၊ လုံငွေ့တွေ ပါတဲ့ အပြုံ

း လက် လက်တစ်ပွင့်ကို မောင်းဖြုတ်ချပြုး လိုက်ပြီး.....

“မဟုတ်ပါဘူး။ အဖြေက သီးသန့်ပါတယ်။ စာအိတ်ကလေးနဲ့ ထည့်ထားတယ်။ ကဲ ကျွန်မသွားတော့ ဖတ်ကြည့် မရှင်းလင်းတာရှိလည်း နောက်နေ့ ပြန်မေးပေါ့။ ရှင်းရှင်းလင်းလင်း နားလည်တယ် ဆိုရင်လည်း စာပါ ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်ပါရှင် ကံကောင်းနိုင်ပါစေ .... Good luck”

ပက်ထရစ်ရှာအောင်ကြီး လှည့်ထွက်သွားသည်နှင့် သူစာကို ဖောက်ဖက်လိုက်သည်။

“ဟာ......”

x x x

(၉)

အချိန်တန်တော့ နေထွဋ်နှင့် မင်းမြတ်ဖြိုး ရှိရာဆီ စည်သူချမ်းအေး တစ်ယောက် ရောက်လာသည်။

“ဘယ်လိုတုန်း အဆင်ပြေလား”

မင်းမြတ်ဖြိုး က လက်ဖက်ရည်တစ်ခွက် ထပ်မှာ ပေးပြီး ခုံတစ်လုံးရွှေ့ပေးလိုက်၏ ။

“ဘယ်လိုတောင်ပြောရမလဲမသိဘူး”

“ပြောတတ်သလိုပြောစမ်းပါ”

“ငါ့ကိုတွေ ့တာနဲ့ ပါကစ္စတန်လား၊ ဘင်္ဂလားဒေ့ရှ်လား မာဂဓစကားလားမသိဘူး။ အဲဒီ လို စကားတွေ အရင်စပြောတယ်”

နေထွဋ်နဲ့ မင်းမြတ်ဖြိုး ဆိုတာ ရယ်ချင်လွန်းလို့ မနည်းလျှာကိုက်ထားရသည်။

“နောက်ပြီးတော့ရော.....”

“ငါ့ကို ပြန်စာတစ်စောင်ပေးတယ် ငါ့အတွက် မင်းရေး ပေးထားတဲ့ ရည်းစားစာအောက် မှာ ပဲ ဖြည့်စွက်ပြီးရေး ပေးတာ။ လက်သံတော့ ပြောင်တယ်ဟေ့။ နောက်ကွယ်မှာ ကြိုး ကိုင်နေတဲ့ ဆရာတစ်ဆူဆူ ရှိရလိမ့်မယ်”

“ဟုတ်လား ပြစမ်းပါဦး”

နေထွဋ်ကော မင်းမြတ်ဖြိုး ပါ စည်သူချမ်းအေးဆီမှ စာအိတ်ကို အသည်းအသန် ဖွင့် ဖတ်လိုက်ကြလေတော့သည်။

ကောင်မလေးရေ

ဟစ်တလာကိုလည်း ငါဂရုမစိုက်သူ

နပိုလီယန်လည်း စိတ်မဝင်စားဘူး။

အိုစမာနဲ့ ဆဒမ်ဟူစိန်လည်း မကြောက်ပါဘူး။

မင်းကသာ ပြန်ချစ်မယ်ဆိုရင် ဟောဒီကမ္ဘာမှာ

ငါဟာ အရဲရင့်ဆုံးသူရဲကောင်း တစ်ယောက် ပေါ့...............။

စည်သူချမ်းအေးရေ....

သေသွားတဲ့ သူရဲကောင်းတွေ ၊ ပုဂ္ဂိုလ်ကျော်ကြီးတွေ ကို တန်းစီပြီး ရွတ်ပြနေလို့လည်း အပိုပါပဲ။ ငါ့ကို တကယ် ချစ်ရင် အီရတ်က ဘဂ္ဂဒက်မြို့ လယ်ခေါင် ဗလီဝတ်ပြုကျောင်းရှေ့မှာ ဝက်သားဒုတ်ထိုးစားပြီး နင်ငါ့ကိုလွမ်းရဲလား...

ဒါဆို နင်ဟာ ငါ့အချစ်ကို အထိုက်တန်ဆုံးသူရဲကောင်း တစ်ယောက် ပေါ့.........။

x x x